ျပည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သမဝါယမနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

လားရှိုးမြို့နယ်



ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၃ - ၂၀၂၄)

(Village Development Project)

ဟိုနား-ပန်ဟုန်းကျေးရွာအုပ်စု၊ မန်ဘန်ကျေးရွာ

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

မန်ဘန်ကျေးရွာ၊ လားရှိုးမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၄
	မန်ဘန်ကျေးရွာသယံဇာတပြဇမြေပုံ၊ လာ:ရှိုးမြို့နယ်	၆
	မန်ဘန်ကျေးရွာရာသီခွင်ပြပြကွဒိန်၊ လာ:ရှိုးမြို့နယ်	၇
	မန်ဘန်ကျေးရွာနှင့်အဖွဲ့အစည်းများ ဆက်စပ်မှုပြမြေပုံ၊ လာ:ရှိုးမြို့နယ်	၈
	အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ	
၁။	**တည်နေရာနှင့်ပထဝီဝင်အနေအထား**	၉
၂။	**ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ**	၉
၃။	**လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**	၉
	(က) လူဦးရေဆိုင်ရာအချက်အလက်များ	၉
	(ခ) စီးပွားရေးအခြေအနေ–ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု	၁၀
	(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု	၁၀
၄။	**ဖွံ့ဖြိုးရေးဆိုင်ရာစိမ်ခန့်ခွဲမှုအခြေအနေ**	၁၁
၅။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	၁၁
	(က) သီးနှံစိုက်ပျိုးရေး	၁၂
	(ခ) မွေးမြူရေးလုပ်ငန်း	၁၂
	(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	၁၂
	(ဃ)ရွှေ့ပြောင်းလုပ်သားများ	၁၃
	(င) ကုန်စည်နှင့် ဝန်ဆောင်မှုစျေးကွက်	၁၃
	(စ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု	၁၃
၆။	**အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ**	
	(က) ကျေးလက်သယ်ယူပို့ဆောင်ရေး	၁၃
	(ခ) ကျေးရွာမီးလင်းရေး	၁၃
	(ဂ) သတင်းနှင့်ဆက်သွယ်ရေး	၁၃
၇။	**ပညာရေး**	၁၃
၈။	**ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး**	၁၄
၉။	**ဘေးန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၁၄

၁၀။	**ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ**	**၁၅**
၁၁။	**ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး**	**၁၅**
၁၂။	**ကျေးရွာတည်ငြိမ်ရေးနှင့်ဘေးကင်းလုံခြုံရေး**	**၁၅**
၁၃။	**ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ**	**၁၆**
	အပိုင်း (ခ) စီမံချက်ဆိုင်ရာအချက်အလက်	**၁၇**
	စီမံချက်အဆိုပြုလွှာ(၁)	**၁၉**
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း	**၂၁**
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ	**၂၂**
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား	**၁၉**

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၃ခုဘဏ္ဍာရေးနှစ်မှ ၂၀၂၃-၂၀၂၇ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါ သည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုနှစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမကနည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမကကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွား ရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာနအသီးသီးတို့၏ ဆက်လက် ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုး ကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက် မှု အခြေပြဇယားစသည်တို့ကိုအဓိကထားဖော်ပြထားပါသည်။

ဇန်နဝါရီလ ၊ ၂၀၂၄ခု

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ


မန်ဘန်ကျေးရွာ

လားရှိုးမြို့နယ်

မန်ဘန်ကျေးရွာသယံဇာတပြမြေပုံ၊ လားရှိုးမြို့နယ်


အညွှန်း
=> ကာသဝိုးကျောင်း
=> ခရစ်ယာန်
=> ကျေးရွာ
=> နေအိမ်များ
=> တံတား
=> ဝါးပင်
=> သစ်ပင်
=> သချိုင်း
=> ဆူးကောဒို
တောင်
လမ်းမကြီး
ကျေးရွာ
ကျောင်း
ကျောင်း
ကျောင်း

မန်ဘန်ကျေးရွာရာသီခွင်ပြပြကွဒိန်၊ လားရှိုးမြို့နယ်



မန်ဘန်ကျေးရွာအဖွဲ့အစည်းများနှင့်ဆက်စပ်မှုပြပုံ၊ လားရှိုးမြို့နယ်



အပိုင်း (က)

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်
ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့်ပထဝီဝင်အနေအထား

မန်ဘန်ကျေးရွာသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့နယ် ၊ ဟိုနား-ပန်ဟုန်းကျေးရွာအုပ်စု၊ မန်ဘန်ကျေးရွာအတွင်း၌တည်ရှိပါသည်။ လားရှိုးမြို့၏အရှေ့ဘက်တွင်တည်ရှိပြီး လားရှိုးမြို့နှင့်(၂၀)မိုင်ခန့်အကွာတည်ရှိပါသည်။ ကျွန်တော်တို့ကျေးရွာပတ်ဝန်းကျင်တွင် တောတောင်များဝန်းရံလျှက်ရှိပါသည်။ ကျေးရွာ၏အရှေ့ဘက်တွင် ကျေးခွင်ရွာနှင့်ဆန်ရာယာန်ကျေးရွာများ တည်ရှိပြီး မြောက်ဘက်တွင် လွယ်ဆာရွာနှင့် နမ့်ဟက်ကျေးရွာတည်ရှိပြီး တောင်ဘက်တွင် စမ်းချောင်းများရှိပြီး လယ်ကွင်းများနှင့်ဝန်းရံနေပါသည်။ အနောက်ဘက်တွင် ကျေးရွာ၏ အထင်ကရနေရာဖြစ်တဲ့ဆုတောင်းတောင်လွယ်ကျောင်တောင်တည်ရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

မန်ဘန်ကျေးရွာ၏ ရေမြေရာသီဥတုအနေအထားမှာ အေးမြစိုစွတ်သောရာသီဥ တုဖြစ်သည်။ စိုက်ပျိုးနိုင်သောမြေဧရိယာမှာ လယ်မြေ(၁၄)ဧက၊ ယာမြေ/တောင်ယာမြေ(၇၂)ဧက၊ စုစုပေါင်း(၈၆) ဧကရှိပါသည်။ မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်ပြီး တောင်ယာလုပ်ငန်းလုပ်ကိုင်သူများပြားပါသည်။ ကျွန်မတို့မန်ဘန်ကျေးရွာတွင် မြစ်ချောင်းကြီးများမရှိပါသဖြင့်ကျောက်၊သဲ၊ ကျောက်စရစ်များကို မရရှိနိုင်ပါ။

၃။ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

ကျွန်တော်တို့မန်ဘန်ကျေးရွာတွင် (၅)နှစ်အောက်ကလေး ကျား(၈)ဦး၊ မ(၅)ဦး၊ မူလတန်းကျောင်းသားအရွယ် ကျား(၁၁) ၊ မ(၆) ၊ အလယ်တန်းကျောင်းသားအရွယ် ကျား(၉)၊ မ(၇)၊ အလုပ်လုပ်နိုင်သည့်အရွယ် ကျား(၄၇)၊ မ(၅၁)နှင့် သက်ကြီးရွယ်ကြီး ကျား(၁၀)၊ မ(၄)ဦးရှိပါသည်။ ကျွန်တော်တို့ရွာတွင် မူလတန်းနှင့် အလယ်တန်းကလေးများမှာ နည်း ပါသည်။ အလုပ်လုပ်နိုင်သည့်အရွယ်မှာ တစ်ချို့မှာစီးပွားရေးကြောင့် ပြည်တွင်း/ ပြည်ပသို့ ထွက်ခွာအလုပ်လုပ်ကြပြီး တချို့မှာတောင်သူလုပ်ငန်းလုပ်ကိုင်ကြပါသည်။ သက်ကြီး ရွယ်အိုအနည်းငယ်ရှိပါသည်။ မွေးကင်းစကလေးများသည် ကျန်းမာသန်စွမ်းကြပါသည်။ ကလေးများအားလုံး

ပုံမှန်ကာကွယ်ဆေးထိုးပါသည်။ မိဘ အများစုသည် ၃နှစ်မှ ၅နှစ်အထိ ကလေးငယ်များကို မူကြိုကျောင်းမရှိသဖြင့် ၎င်းအစ်ကို၊ အစ်မများ၊ ဘိုးဘွားများက ထိန်းကျောင်းပေးပြီး မိဘများကဝမ်းစာအတွက် အလုပ်သွားလုပ်ကြပါသည်။ တချို့မိဘ များမှာ အိမ်တွင်နေပြီး ကလေးထိန်းရင်းအိမ်မှုကိစ္စများကို လုပ်ကြပါသည်။ ကလေးများ သည်(၆)နှစ်မှစ၍ မူလတန်းပညာကို စတင်သင်ယူကြပါသည်။ အလုပ်လုပ်နိုင်သောအရွယ် များသည် တောင်ယာ၊ လယ်၊ စက်ချုပ်ခြင်းနှင့် ဈေးရောင်းခြင်းတို့ကိုလုပ်ကိုင်ကြပြီး တစ်ချို့ သောသူများသည် ပြည်တွင်း၊ ပြည်ပများသို့သွားရောက်ကာ အလုပ်လုပ်ကိုင်ကြပါသည်။

(ခ) စီးပွားရေးအခြေအနေ-ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့်မမျှတမှု

ကျွန်တော်တို့မန်ဘန်ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ လယ်မြေ (၁၄)ဧက နှင့် တောင်ယာမြေ(၇၂)ဧကရှိပြီး စုစုပေါင်း(၈၆)ဧကရှိပါသည်။ တောင်ယာလုပ်ငန်းကို လုပ်ကိုင်သူနှင့် အခြားဒေသများသို့ သွားရောက်လုပ်ကိုင်သူများလည်းရှိပါသည်။ အမျိုးသား များသည် တောင်ယာလုပ်ငန်းလယ်ယာလုပ်ငန်းပြီးစီးပါက အခြားလုပ်ငန်းများမရှိပါ၊ အမျိုးသမီးများသည်လည်း တောင်ယာ၊ လယ်ယာကောက်စိုက်၊ ပြောင်းစိုက်ခြင်း၊ ပြောင်း ချိုးခြင်း၊ ကောက်ရိတ်သိမ်းခြင်းတို့နှင့် မိရိုးဖလာအတိုင်းသာ ကြက်၊ ဝက်များကို မွေးမြူ လျှက်ရှိပါသည်။ ကိုယ်ပိုင်လယ်စိုက်ပျိုးရေးလုပ်ကိုင်သည့် အိမ်ထောင်စု(၄)စုရှိပြီး တောင် ယာ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စု (၂၂)စုရှိပြီး အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု(၃)စုရှိပါသည်။

ကျွန်တော်တို့မန်ဘန်ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးအတွက် နွေစားလုပ်အားခ မှာ ကျားလုပ်အားခအများဆုံးမှ ကျပ်((၈၀၀၀)မှ အနည်းဆုံး(၇၀၀၀)ကျပ်ထိရရှိပါသည်။ မလုပ်အားခအများဆုံးမှ ကျပ်((၇၀၀၀)မှ အနည်းဆုံး(၅၀၀၀)ကျပ်ထိရရှိပါသည်။ မွေးမြူ ရေးလုပ်ငန်းတွင် နွေစားလုပ်အားခမှာ ကျားလုပ်အားခအများဆုံးမှ ကျပ်((၈၀၀၀)မှ အနည်းဆုံး(၇၀၀၀)ကျပ်ထိရရှိပါသည်။ မလုပ်အားခအများဆုံးမှ ကျပ်((၇၀၀၀)မှ အနည်း ဆုံး(၅၀၀၀) ကျပ်ထိရရှိပါသည်။ လက်သမား/ပန်းရံလုပ်ငန်းနွေစားလုပ်အားခမှာ ကျား လုပ်အားခအများဆုံးမှ ကျပ်((၁၂၀၀၀)မှ အနည်းဆုံး(၇၀၀၀)ကျပ်ထိရရှိပါသည်။ မလုပ် အားခ အများဆုံးမှ ကျပ်((၈၀၀၀)မှ အနည်းဆုံး(၅၀၀၀)ကျပ်ထိရရှိပါသည်။

ကျွန်တော်တို့ မန်ဘန်ကျေးရွာတွင် လက်လုပ်/လက်စားကျပန်းလုပ်ကိုင် စားသောက် သူများပါသည်။ ထို့အပြင်နိုင်ငံခြား(တရုတ်၊ယိုးဒယား)နိုင်ငံများသို့ သွားရောက်အလုပ်လုပ် ကိုင်ကြပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ကျွန်တော်တို့မန်ဘန်ကျေးရွာတွင် စိုက်ပျိုးမြေများသော်လည်း နည်းပညာအားနည်း ၍ ရင်းနှီးမြုပ်နှံမှုငွေမရှိသောကြောင့် မိရိုးဖလာအတိုင်း လုပ်ကိုင်စားသောက်လျှက်ရှိပါ

သည်။ မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်ဖြစ်ပြီး သီးနှံစျေးကွက်မရှိသောကြောင့် စိုက်ပျိုးရေးလုပ်ကိုင်သော ဇကေနည်းနေရခြင်းဖြစ်ပါသည်။ သီးနှံဖြစ်ထွန်းရန် မြေဩဇာ ဝယ်ထည့်နိုင်မှသာ ပိုထွက်ပါသည်။

သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများမရှိပါ။ ရွာ၏အနီးနားပတ်ဝန်းကျင်တွင် ကျောက်၊ သဲ အနည်းငယ်သာတွေ့ရှိပြီး သဘာဝအပင်နှင့်တိရိစ္ဆာန်မျိုးစိတ်များ အနည်းငယ် သာရှိသည်။

ကျွန်တော်တို့မန်ဘန်ကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စုမရှိဘဲ အလယ် အလတ်ရှိသောအိမ်ထောင်စုနှင့် အလွန်မပြေလည်သော အိမ်ထောင်စုနည်းပါးပြီး မပြေလည်သော အိမ်ထောင်စုများပါသည်။ အလယ်အလတ်ရှိသောအိမ်ထောင်စု၏ နေအိမ် များသည် နှစ်ထပ်တစ်ထပ်တိုက်များနှင့် ပျဉ်ထောင်အိမ်များဖြစ် ပါသည်။ မပြေလည် သောအိမ်ထောင်စုနှင့်အလွန်မပြေလည်သော အိမ်ထောင်စုနေအိမ်များသည် ဝါး၊ ထရံကာ၊ သွပ်မိုး များဖြင့် နေထိုင်ကြပါသည်။ အဓိကစီးပွားရေးမှာ စိုက်ပျိုးရေးဖြစ်ပါသည်။

ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုနှင့်မုဆိုးဖို တစ်ခုလပ်အိမ်ထောင်စု (၃)အိမ်ရှိပါသည်။ တောင်ယာလုပ်ငန်းလုပ်ကိုင်ခြင်းနှင့် အားလပ် သည့်အချိန်တွင် လယ်ယာလုပ်သားအဖြစ် ဝင်ရောက်လုပ်ကိုင်ခြင်းဖြင့် အသက်မွေးကြပါ သည်။

ကျေးရွာတွင်း တောမီးလောင်ခြင်းနှင့် စားနပ်ရိက္ခာမဖူလုံမှုအနည်းငယ်သာ လျှင်ရှိ ပါသည်။ ဆန်အတွက်မပူရဘဲ အခြားအပြင်မှဝယ်ယူရသော စားသောက်ကုန်ပစ္စည်းများ သာလျှင် ငွေရေးကြေးရေးအခက်အခဲရှိနိုင်ပါသည်။

ကျွန်တော်တို့မန်ဘန်ကျေးရွာ၏ လူငယ်များသည် အလုပ်အကိုင်ရှားပါးမှုကြောင့် ကျေးရွာတွင် နေထိုင်လိုခြင်းမရှိဘဲ အခြားအရပ်ဒေသသို့ သွားရောက်လုပ်ကိုင်ကြသည်။ ကျေးရွာတွင် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုနှင့်ဆင်းရဲသားတောင်သူတို့သည် စားဝတ်နေရေးကြပ်တည်းမှုကြောင့် အခြားဝင်ငွေရလုပ်ငန်းဖြစ်သည့် ဆန်စက်လုပ်ငန်း၊ နွေစားအလုပ်နှင့် ခြံထွက်ဟင်းသီးဟင်းရွက်ရောင်းချခြင်းလုပ်ငန်းတို့ကို လုပ်ကိုင်ကြ ပါသည်။ လက်လုပ်လက်စားကျပန်းများသည် လုပ်ငန်းပုံမှန်မရှိဘဲရံဖန်ရံခါသာ လုပ်ကိုင် ကြရသည်။

ကျေးရွာရှိလူငယ်များသည်အလုပ်အကိုင်ရှားပါးမှုကြောင့် ကျေးရွာတွင် နေထိုင်လို ခြင်းမရှိဘဲ အခြားအရပ်ဒေသသို့သွားရောက်လုပ်ကိုင်ကြသည်။ ကျေးရွာတွင် အမျိုးသမီး ဦးဆောင်သော အိမ်ထောင်စုနှင့်ဆင်းရဲသားတောင်သူတို့သည် စားဝတ်နေရေးကြပ်တည်း မှုကြောင့် အခြားဝင်ငွေရလုပ်ငန်းဖြစ်သည့် ခမောက်လုပ်ငန်း၊ ဝါးစားပွဲလုပ်ငန်းနှင့် ခြံထွက် ဟင်းသီးဟင်းရွက်ရောင်းချခြင်းလုပ်ငန်းတို့ကိုလုပ်ကိုင်ကြပါသည်။ လက်လုပ်လက်စား

ကျပန်းများသည် လုပ်ငန်းပုံမှန်မရှိဘဲ ရံဖန်ရံခါသာ လုပ်ကိုင်ကြရသည်။

၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျွန်တော်တို့မန်ဘန်ကျေးရွာတွင် ကျောင်းကော်မတီအဖွဲ့၊ ကျေးရွာကော်မတီအဖွဲ့၊ လူငယ်အဖွဲ့၊ အမျိုးသမီးအဖွဲ့ရှိပါသည်။ ကျေးရွာတွင် သာရေး/နာရေးကိစ္စရပ်များနှင့် ပတ်သက်၍ တစ်ရွာလုံးစုပေါင်းလုပ်ဆောင်ကြ ပါသည်။

ကျွန်တော်တို့ မန်ဘန်ကျေးရွာတွင် ယခင်ကတည်းကမဖွံ့ဖြိုးသေးသောကြောင့် ယခုနှစ်နောက်ပိုင်းတွင် ပညာရေးနှင့်ပတ်သက်ပြီး အထောက်အကူပစ္စည်းများကို မေတ္တာအဖွဲ့မှ ထောက်ပံ့ပေးလျှက်ရှိပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာများနှင့် အထောက်အကူပစ္စည်းများကို KMSS/ HNF အဖွဲ့အစည်းများမှ အနည်းငယ်ထောက်ပံ့မှုရရှိပါသည်။

၅။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

မန်ဘန်ကျေးရွာ၏မြေယာမဲ့များသည် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု များဖြစ်ကြသည်။ စိုက်ပျိုးရေးနှင့်ပတ်သက်၍ (၂.၅)ဧကအောက်သာလျှင် လုပ်ကိုင်နိုင်ပြီး ဆင်းရဲသားတောင်သူများသာဖြစ်ပါသည်။ (၂.၅)ဧကမှ(၅)ဧကကြား လုပ်ကိုင်နိုင်သည့် တောင်သူဦးရေမှာရှားပါးပါသည်။

ကျေးရွာတွင် စိမ့်စမ်းရေနှင့်ချောင်းရေကိုသာ အသုံးပြုကြသည်။

ကျွန်တော်တို့မန်ဘန်ကျေးရွာသည် အဓိကစိုက်ပျိုးသည့် သီးနှံမှာ ပြောင်း၊ **စပါးကို စိုက်ပျိုးလုပ်ကိုင်လျှက်ရှိသည်။ သဘာဝအရင်းအမြစ်ရှိသော်လည်း ဆင်းရဲသောမိသားစုအများစုနေထိုင်သောကြောင့် ရင်းနှီးမြှုပ်နှံမှုငွေအလုံအလောက်မရှိသောကြောင့် မိရိုးဖလားအတိုင်းအတာစိုက်ပျိုးလုပ်ကိုင်လျှက်ရှိပါသည်။ စိုက်ပျိုးရေးနည်းပညာပိုင်းမှာလည်း အားနည်းနေပါသည်။**

ကျွန်တော်တို့မန်ဘန်ကျေးရွာသည် ဆင်းရဲ၍မဖွံ့ဖြိုးသေးသောကြောင့် လယ်ယာသုံးစက်ကိရိယာများ အသုံးပြုမှုအားနည်းနေ**ပါသည်။**

မန်ဘန်ကျေးရွာသည် ရာသီဥတုသင့်တင့်မျှတမှုရှိပါသည်။ စိုက်ပျိုးရေးတွင် ရေမလုံလောက်ပါ။ လိုအပ်သောဆေးများကို လားရှိုးတွင်ဝယ်ယူနိုင်သော်လည်း ချေးငွေရရှိနိုင်မှုနည်းပါးပါသည်။ လုပ်သားများကိုရရှိနိုင်သော်လည်း နည်းပညာဝန်ဆောင်မှုမရှိဘဲ စိုက်ပျိုးရေးဆိုင်များမှ ညွှန်ကြားသည့်အတိုင်းသာ အသုံးပြုကြပါသည်။ တိရိစ္ဆာန်များကို လားရှိုးအဝယ်ဒိုင်သို့ ပို့ဆောင်ရောင်းချကြပါသည်။ မှန်ကန်သည့်ဈေးနှုန်းမရနိုင်ပါ။ အမြတ်ရရှိနိုင်မှုနည်းပါသည်။ ရောင်းချချိန်တွင်အချိန်အခါမဟုတ် ဝက်နာကျခြင်းများကြောင့် ဆုံးရှုံးမှုများပါသည်။

စိုက်ပျိုးရေးအတွက် ပြဿနာနှင့်အခက်အခဲများမှာ ပိုးရောဂါကျရောက်မှုရှိခြင်း

တို့ကြောင့် ဆုံးရှုံးမှုများသည်။ ချေးငွေမရရှိခြင်းနှင့်ဈေးကွက်မရှိခြင်းတို့ကြောင့် စိုက်ပျိုးရေးအတွက် ထိခိုက်မှု ရှိနိုင်ပါသည်။

ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိကအကြောင်းရင်းမှာ ပိုမိုကောင်းမွန်သောအလုပ်အကိုင်နှင့် ဝင်ငွေအခွင့်အလမ်းများရှာဖွေရန်ဖြစ်သည်။ ပြည်တွင်းအလုပ်အကိုင်ရှားပါးမှုတောင်ယာလုပ်ငန်းများဖြင့် တွန်းအားနည်းမှုကြောင့်ဖြစ်ပါသည်။ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ မိသားစုထဲသို့ ပြန်ပို့ငွေကို ငွေလွှဲလုပ်ငန်း(ဟွန်ဒီ)မှတဆင့် ပေးပို့ကြပါသည်။

(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျွန်မတို့မန်ဘန်ကျေးရွာတွင် ချေးငွေကို မိတ်ဆွေ၊ အိမ်နီးချင်း၊ ဆွေမျိုးများထံတွင် ချေးယူရရှိနိုင်ပါသည်။ မိတ်ဆွေအသိများထံမှချေးယူပါက ယုံကြည်မှုဖြင့် အပေါင်ပစ္စည်းမယူဘဲချေးယူရရှိပါသည်။ အချို့မှာစိုက်ပျိုးချိန်အကြွေးယူပြီး သီးနှံရိတ်သိမ်းပြီးသောချိန်တွင် အသီးအနှံသော်လည်းကောင်း၊ ငွေကြေးသော်လည်းကောင်း အကြွေးပြန်ဆပ်ကြပါသည်။

၆။ အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ရွာတွင်းလမ်းမှာမြေသားလမ်းဖြစ်ပြီး တစ်နှစ်ပတ်လုံး အသုံးပြုသွားလာနေရသည်။ မြစ်များ၊ ချောင်းများမရှိသောကြောင့် တံတားများမရှိပါ။ ကျေးရွာတွင် သယ်ယူပို့ဆောင်ရေးအတွက် ဆိုင်ကယ်နှင့်နွားလှည်းအသုံးပြုမှုများပါသည်။

(ခ) ကျေးရွာမီးလင်းရေး

ကျွန်တော်တို့မန်ဘန်ကျေးရွာတွင် ဆိုလာကိုသာအသုံးပြုကြပါသည်။ ဖယောင်းတိုင်အသုံးပြုသူအနည်းငယ်သာရှိပါသည်။ ဆိုလာအသုံးပြုသူ အိမ်ထောင်စု(၃၆)စုရှိပြီး ဖယောင်းတိုင်အသုံးပြုသူအိမ်ထောင်စု(၄)စုရှိသည်။

(ဂ) သတင်းနှင့်ဆက်သွယ်ရေး

ကျွန်တော်တို့မန်ဘန်ကျေးရွာတွင် ဆက်သွယ်ရေးဖုန်းလိုင်းခက်ခဲပြီး တောင်ပေါ်ဒေသဖြစ်သည့်အတွက် ဖုန်းလိုင်းသာရရှိပြီး အင်တာနက်လိုင်းမရပါ။ ကျွန်တော်တို့ကျေးရွာတွင် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်များအတွက် ဖုန်း(၇၉)လုံး၊ ရေဒီယို(၃)လုံးရှိနေပါသည်။

၇။ ပညာရေး

ကျွန်တော်တို့မန်ဘန်ကျေးရွာတွင် စာမတတ်သူဦးရေအနည်းငယ်ရှိပြီး မူလတန်းအဆင့်ကျား(၁)ဦး၊ မ(၁)ဦး၊ အလယ်တန်းအဆင့် ကျား(၅၆)ဦးနှင့် မ(၄၃)ဦး ၊ အထက်တန်းအဆင့် ကျား(၂၁)ဦးနှင့် မ(၁၅)ဦးရှိပါသည်။ တက္ကသိုလ်/ကောလိပ်အဆင့် ကျား(၃)ဦးနှင့် မ(၃)ဦးပါသည်။ မူလတန်းအဆင့်စာတတ်မြောက်မှုနှုန်းများနေပါသည်။ အဘယ်ကြောင့်

ဆိုသော် တစ်ချို့အိမ်ထောင်စုများသည် ဝင်ငွေနည်းသောကြောင့် အလယ်တန်းဆက်မတက်နိုင်တော့ဘဲ ကျောင်းထွက်အလုပ်လုပ်ကြပါသည်။

ကျေးရွာတွင် လက်ရှိပညာသင်ကြားနေသော ကျောင်းသား/သူနည်းရခြင်းမှာ မိဘများသည် စားဝတ်နေရေးအခက်အခဲကြောင့် ပညာရေးကိုဦးစားမပေးနိုင်ကြပါ။ စာသင်ကျောင်းနှင့်ကျေးရွာကွာဝေးခြင်း၊ မိဘများ၏ စာပေဗဟုသုတနည်းခြင်းကြောင့်ဌင်း ကျောင်းတက်ရောက်မှုကျဆင်းရခြင်းဖြစ်ပါသည်။

ကျွန်တော်တို့မန်ဘန်ကျေးရွာသည် ပညာရေးအလွန်အားနည်းပါသည်။ ကျေးရွာတွင် ကျောင်းမရှိသဖြင့် အနီးအနားကျေးရွာတွင် သွားရောက်ပညာသင်ကြားရပါသည်။ ခြေလျင်ဖြင့် ကျောင်းတက်ကြပါသည်။ အနီးအနားတွင်လည်း မူလတန်းအဆင့်သာရှိခြင်းကြောင့် မြို့ကျောင်းသို့မသွားနိုင်သော်လည်း ကလေးများသည် ကျောင်းထွက်ကာ ရရာအလုပ်ကို လုပ်ကိုင်ကြရသဖြင့် လုပ်ငန်းအခွင့်အလမ်းရရှိမှု အလွန်နည်းပါသည်။

ကျွန်တော်တို့မန်ဘန်ကျေးရွာ၏ ပညာရေးအခက်အခဲနှင့်ပြဿနာမှာ မူလတန်းကျောင်းထွက်နှုန်းအနည်းငယ်သာရှိပါသည်။

၈။ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျွန်မတို့ကျေးရွာတွင် ကာကွယ်ဆေးများ ပုံမှန်ထိုးနှံပေးပါသည်။ (၃)လတစ်ကြိမ်၊ (၆)လတစ်ကြိမ်ထိုးပေးပါသည်။ ကျန်းမာရေးဝန်ကြီးဌာနမှချထားပေးသော ကာကွယ်ဆေးတိုင်းထိုးနှံပေးပါသည်။

ကျန်းမာရေးနှင့်ပတ်သက်၍ အထူးပူပန်စရာမလိုဘဲ ဆိုင်ကယ်(သို့)ထော်လာကျီဖြင့် သွားရောက်ကုသနိုင်ပါသည်။ ကျေးရွာမှမနိုင်မှသာလျှင်(၃၀)မိုင်ခန့်ဝေးသော လားရှိုးဆေးရုံကြီးသို့ လွှဲပြောင်း ကုသကြပါသည်။

ကျေးရွာတစ်ရွာလုံး ရေလောင်းယင်လုံအိမ်သာအိမ်တိုင်းရှိကြပါသည်။

၉။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ရွာတွင်ဖျက်ပိုးနှင့်ရောဂါကာကွယ် ထိန်းချုပ်မှုကို လေ့လာသင်ယူသည့်သူ မရှိသလောက်နည်းပါးပါသည်။ သစ်ပင်များခုတ်လှဲမှုများ၍ သဘာဝအပင်မျိုးစိတ်များပြုန်းတီးမှုများသောကြောင့် အပင်မျိုးစိတ်များပျက်သုန်းမှုအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသည်။ အမှိုက်သရိုက်များကိုစည်းကမ်းမဲ့စွာ ချောင်းမြောင်းထဲတွင် စွန့်ပစ်ကြပါသည်။ အချို့အိမ်များသည် အမှိုက်များက မီးရှို့ဖျက်ဆီးကြပါသည်။ အမှိုက်များကိုစနစ်တကျ ကျင်းတူးပြီး စွန့်ပစ်သည့် အလေ့အထများမရှိပါ။

၁၀။ ကျား၊ မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကျွန်တော်တို့ကျေးရွာတွင် ကျေးရွာအုပ်ချုပ်မှုစနစ်နှင့် လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် အမျိုးသမီးများပါဝင်ခွင့်ရှိပါသည်။ သို့သော်လည်း ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများပါဝင်မှု၊ ခေါင်းဆောင်မှုအားနည်းကြောင်း လေ့လာတွေ့ရှိရပါသည်။ အမျိုးသမီး

များ၏အခွင့်အရေးမှာ အမျိုးသားများနှင့်နှိုင်းစာလျှင် ရိုးရာယဉ်ကျေးမှုအရ အမျိုးသားများကသာ အိမ်ထောင်ကိုဦးစီးကြပါသည်။ အမျိုးသမီးအများစုမှာ လုပ်ငန်းခွင်နှင့်အိမ်မှုလုပ်ငန်း၊ သားသမီး၊ မိသားစုအရေးများအတွက်ဖြင့်သာ အချိန်ကုန်မြှုပ်နှံထားသောကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်အဖွဲ့အစည်းများတွင် အမျိုးသမီးအနည်းငယ်သာပါဝင်နိုင်မှုရှိကြောင်း တွေ့ရှိရပါသည်။ ပတ်ဝန်းကျင်မြို့ပြနှင့် ဗဟုသုတဝေးကွာနည်းပါးလှပါသည်။ အမျိုးသမီးအများစုမှာ အုပ်ချုပ်ရေးအပိုင်းတွင် စိတ်ဝင်စားမှုအလွန်နည်းပါးလှပါသည်။ သာရေး/နာရေး/ ချက်ပြုတ်ရေးကိစ္စများတွင် အမျိုးသားများထက်ပို၍ စွမ်းဆောင်နိုင်ပါသည်။ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုမှာ နည်းပါးပါသည်။

၁၁။ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

လူငယ်များသည် ဖွံ့ဖြိုးရေးလုပ်ငန်း၊ လူမှုရေး၊ ဘာသာရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ကူညီဆောင်ရွက်ပေးပါသည်။ အားကစားနှင့်ကာယလေ့ကျင့်ခန်းများပြုလုပ်ရန်နေရာနှင့် အထောက်အကူပစ္စည်းများမရှိပါ။ မိမိတို့၏ရိုးရာစာပေများကို နွေရာသီကျောင်းပိတ်ရက်တွင် သင်ကြားပေးလျှက်ရှိပါသည်။ ရိုးရာဓလေ့များထိန်းသိမ်းခြင်း၊ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်မှုများတွင် တက်ကြွစွာပါဝင်မှုများလည်းရှိပါသည်။ သင်ယူလေ့လာနိုင်ရန် စိတ်ဝင်စားစရာများနေရာ၊ စာကြည့်တိုက်များရှိပါသည်။

၁၂။ ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး

ကျေးရွာတည်ငြိမ်ရေးနှင့်ဘေးကင်းလုံခြုံရေးကိုအုပ်ချုပ်ရေးပိုင်းမှ ဦးဆောင်စီမံခန့်ခွဲလျှက်ရှိပါသည်။ ကြိုတင်ဖွဲ့စည်းတာဝန်ပေးထားသော အဖွဲ့အစည်းများမရှိပါ။ စက်ဘီးခိုးမှု၊ အစားခြောက်ခိုးမှုစသည့်ဖြစ်စဉ်များအနည်းငယ်ရှိပါသည်။ မူးယစ်ဆေးဝါးများအလွယ်တကူ ဝယ်ယူသုံးစွဲနိုင်သောကြောင့် မူးယစ်ဆေးဝါးသုံးစွဲမှုအနည်းငယ်ရှိပါသည်။ လူကုန်ကူးမှုနှင့်အမျိုးသမီးများအား အကြမ်းဖက်မှုများမရှိပါ။

အပိုင်း (ခ)

စီမံချက်ဆိုင်ရာ အချက်အလက်များ

ဟိုနား-ပန်ဟုန်းကျေးရွာအုပ်စု၊ မန်ဘန်ကျေးရွာဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

စဉ်	စီမံချက် (Project)	ဦးစားပေး အဆင့်	၂၀၂၂	၂၀၂၃	၂၀၂၄	၂၀၂၅	၂၀၂၆
၁	ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း	၁	Â	Â			
၂	ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်း	၂		Â	Â		
၃	စိုက်ပျိုးရေးအသိပညာပေးသင်တန်းဖွင့်လှစ်ဆောင်ရွက်လိုခြင်း	၃		Â	Â	Â	
၄	မွေးမြူရေးအသိပညာပေးသင်တန်းဖွင့်လှစ်ဆောင်ရွက်လိုခြင်း	၄	Â	Â	Â		
၅	မတည်လည်ပတ်ရန်ပုံငွေရရှိလိုခြင်း	၅	Â	Â	Â	Â	Â

အပိုင်း (ခ)

စီမံချက်ဆိုင်ရာအချက်အလက်များ

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၁) မန်ဘန်ကျေးရွာ

ကျေးရွာ	- ဟိုနား-ပန်ဟုန်းကျေးရွာ
ကျေးရွာအုပ်စု	- မန်ဘန်ကျေးရွာအုပ်စု
မြို့နယ်	- လားရှိုးမြို့နယ်
တိုင်းဒေသကြီး / ပြည်နယ်	- ရှမ်းပြည်နယ်(မြောက်ပိုင်း)
စီမံချက်အမည်- ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း	
စီမံချက်ဆောင်ရွက်ရန်လိုအပ်ကြောင်းရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ • ကျေးရွာလမ်းတွင်ဗွက်များ၊ချိုင့်များဖြစ်နေသောကြောင့်ရွာသူ/သားများ၊ကျောင်းသူ/သားကျောင်းသွားကျောင်းပြန်ရာတွင်၄င်း၊သွားလာရာတွင်အခက်အခဲများရှိပါသည်။ • စီးပွားရေးအတွက်ရောင်းဝယ်ဖောက်ကားရာတွင်အခက်အခဲများဖြစ်စေပါသည်။	
စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအားပိုကောင်းအောင်ဆောင်ရွက်လိုသည့်ဆန္ဒဖော်ပြရန်) • မိုးတွင်းကာလမိုးကြီးသည့်အခါများတွင်ဗွက်များ၊ချိုင့်များမရှိစေရန်၊ • ကျောင်းသားကျောင်းသူများပညာသင်ယူမှုတွင်သွားလာရအဆင်ပြေစေရန်	
မျှော်မှန်းအကျိုးရလဒ်(လက်ငင်းရည်ရွယ်ချက်ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိလာမည့်အကျိုးကျေးဇူးများ) • လမ်းကောင်းမွန်မှုကြောင့်လူနေမှုအဆင့်အတန်းမြင့်မားတိုးတက်လာမည်။ • ကျောင်းသား/ကျောင်းသူများပညာသင်ယူမှုအဆင့်အတန်းမြင့်မားတိုးတက်လာမည်။ • လမ်းကောင်းမွန်မှုကြောင့်စီးပွားရေးရောင်းဝယ်မှုပိုမိုအဆင်ပြေလာမည်။ • ကျေးရွာလည်းယခင်ကထက်ပိုမိုတိုးတက်လာပါမည်။	
စီမံချက်ဆိုင်ရာအချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ဘယ်လောက်ပမာဏလုပ်ရမည်) • ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်း(၄၀'× ၃၀'× ၁၃')	
စီမံချက်ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	**ထည့်ဝင်မည့်အစီအစဉ်**
• ၁၅၀၀၀၀၀၀(ငွေသား) • ၃၂၀၀၀၀၀(ငွေသား) • ××××××××(ပစ္စည်း/လုပ်အား)	• ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန • ကျေးရွာ • ကျေးရွာ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှုအဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၈၅	၇၃	၁၅၈	၁၄	၁၃	၈	၅	၄၀
အကျိုးခံစားမည့်သူဦးရေ	၈၅	၇၃	၁၅၈	၁၄	၁၃	၈	၅	၄၀
မှတ်ချက်။ ချောင်လည်အဆင့်–၁၊အလယ်အလတ်အဆင့်–၂၊ဆင်းရဲ–၃ အလွန်ဆင်းရဲ–၄								

စီမံချက်အကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ) • မန်ဘန်ကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း - ၁၄.၁၂.၂၀၂၃
(၃) စီမံချက်ပြီးစီးမည့်အချိန် - ၈.၂.၂၀၂၄
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် - • ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာတိုင်ပင်ဆွေးနွေးပါမည်။ • လမ်းခင်းရာတွင် ကျေးရွာမှလုပ်အားထည့်ဝင်ပါမည်။ • လိုအပ်ပါက ပစ္စည်းထည့်ဝင်ပါမည်။

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီ အစဉ်များ

- လုပ်ငန်းများကောင်းမွန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့် အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။
- လုပ်ငန်းများ အကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှုအလွဲအပြောင်း လုပ်ဆောင်ခြင်းနှင့် ဖွင့်လှစ်ပွဲလုပ်ဆောင်ပါမည်။
- ခန်းမပြုပြင်မှုနှင့် ပတ်သက်၍ရေရှည်တည်တံ့စေရေးအတွက် စည်းမျဉ်းစည်းကမ်းနှင့် ညွှန်ကြားချက်များထားရှိပါမည်။
- ခန်းမပြုပြင်မှုအား မပျက်စီးအောင်ကျေးရွာသူ/ကျေးရွာသားများအားလုံးထိန်းသိမ်းသွားပါမည်။
- ခန်းမအခြေအနေအား ရေရှည်ကောင်းမွန်ခိုင်ခံ့စေရေးအတွက် လိုအပ်သောပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများကို အစီအစဉ်ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှဦးဆောင်၍ လုပ်ဆောင်သွားပါမည်။

နောက်ဆက်တွဲ (၁)

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များ

ဟိုနား-ပန်ဟုန်းကျေးရွာအုပ်စု၊ မန်ဘန်ကျေးရွာ

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အ
၁	ဦးလရိန်	ဦးလနောင်	၁၃/လရန(နိုင်)၁၅၂၉၃	
၂	ဦးတိန့်ဘောမ်	ဦးယော်တိန့်	၁၃/လရန(နိုင်)၁၇၀၈၈၅	
၃	ဒေါ်ကျန်းမျော်	ဦးဘောမ်ကျန်း	၁၃/လရန(နိုင်)၁၅၂၀၄၃	
၄	ဒေါ်မာရွယ်	ဦးဆိုင်းလီ	၁၃/သနန(နိုင်)၀၃၀၇၅၀	
၅	ဦးယိန်းတိန့်	ဦးခေါ်ယိန်း	LSO-၁၆၂၀၅၈	
၆	ဦးလှတောင်	ဦးလမိုင်၈မ်	၁၃/လရန(နိုင်)၁၅၃၉၁၅	
၇	ဒေါ်တိန့်နမ်	ဦးယိန်းတိန့်	၁၃/လရန(နိုင်)၁၅၂၉၈၂	

ဝယ်ယူရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အ
၁	ဦးလရိန်	ဦးအောင်ကျော်	၁၃/ကမန(နိုင်)၀၀၁၅၁၁	
၂	ဒေါ်တိန့်နမ်	ဦးတန်ဘော်စန်	၁၃/ကခန(နိုင်)၀၁၆၆၂၉	
၃	ဒေါ်မာရွယ်	ဦးလဘန်ယော်	၁၃/လရန(နိုင်)၀၄၄၅၃၆	

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၁	၀	၁		
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၇	၅	၁၂		
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၁၁	၆	၁၇		
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၉	၇	၁၆		
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၄၇	၅၁	၉၈		၁
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၁၀	၄	၁၄		၁
စုစုပေါင်း						၂
စုစုပေါင်း အိမ်ထောင်စု						၄၀

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက်(၆၅)နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်ငင်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ကျွန်တော်တို့မန်ဘန်ကျေးရွာတွင် (၅)နှစ်အောက်ကလေး ကျား(၈)ဦး၊ မ(၅)ဦး၊ မူလတန်းကျောင်းသားအရွယ် ကျား(၁၁) ၊ မ(၆) ၊ အလယ်တန်းကျောင်းသားအရွယ် ကျား(၉)၊ မ(၇)၊ အလုပ်လုပ်နိုင်သည့်အရွယ် ကျား(၄၇)၊ မ(၅၁)နှင့် သက်ကြီးရွယ်ကြီး ကျား(၁၀)၊ မ(၄)ဦးရှိပါသည်။ ကျွန်တော်တို့ရွာတွင် မူလတန်းနှင့် အလယ်တန်းကလေးများမှာ နည်းပါသည်။ အလုပ်လုပ်နိုင်သည့်အရွယ်မှာ တစ်ချို့မှာစီးပွားရေးကြောင့် ပြည်တွင်း/ ပြည်ပသို့ ထွက်ခွာအလုပ်လုပ်ကြပြီး တချို့မှာတောင်သူလုပ်ငန်းလုပ်ကိုင်ကြပါသည်။ သက်ကြီးရွယ်အိုအနည်းငယ် ရှိပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန် ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	**လယ်ယာစိုက်ပျိုးရေး**							
	ကိုယ်ပိုင်လုပ်ငန်း	၂၆	၄၇	၃	၂၁	၂၆		မြင့်☐လတ်☑နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၂	၂		၂			မြင့်☐လတ်☑နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**							
	ကိုယ်ပိုင်လုပ်ငန်း	၃	၆		၃	၃	၂၂	မြင့်☐လတ်☑နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**							
	ကိုယ်ပိုင်							မြင့် ☐ လတ်☐ နိမ့်

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန် ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	လုပ်ငန်း							☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့်☐လတ်☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၃	၃		၃		၃	မြင့်☐လတ်☑နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**							
	ကိုယ်ပိုင် လုပ်ငန်း						၁	မြင့်☐လတ်☑နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း	၁	၁			၁	၁	မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင်လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန် ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☑ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☑ နိမ့် ☐
၁၇	**ပညာရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၈	**ကျန်းမာရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား							မြင့် ☐ လတ်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန် ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	/ ဝန်ထမ်း							နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အင်္ဂါလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၅	၉		၆	၃	၃	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**							
	ကိုယ်ပိုင်/ လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
	စုစုပေါင်း	၄၀	၄၉		၁၆	၂၃	၃၀	☒

ရင်းမြစ် ... (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

မှတ်ချက်။။။"**အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"**အရေအတွက်တွင်**"မိသားစုဝင်လုပ်အား"ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)"** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်း လုပ်လိုသူ(သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကိုဆိုလိုပါသည်။ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။။ ကျွန်တော်တို့မန်ဘန်ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ လယ်မြေ(၁၄)ဧကနှင့် တောင်ယာမြေ(၇၂)ဧကရှိပြီး စုစုပေါင်း(၈၆)ဧကရှိပါသည်။ တောင်ယာလုပ်ငန်းကို လုပ်ကိုင်သူနှင့် အခြားဒေသများသို့ သွားရောက်လုပ်ကိုင်သူများလည်းရှိပါသည်။ အမျိုးသားများသည် တောင်ယာလုပ်ငန်းလယ်ယာလုပ်ငန်းပြီးစီးပါက အခြားလုပ်ငန်းများမရှိပါ၊ အမျိုးသမီးများသည်လည်း တောင်ယာ၊ လယ်ယာကောက်စိုက်၊ ပြောင်းစိုက်ခြင်း၊ ပြောင်းချိုးခြင်း၊ ကောက်ရိတ်သိမ်းခြင်းတို့နှင့် မိရိုးဖလားအတိုင်းသာ ကြက်၊ ဝက်များကို မွေးမြူလျှက်ရှိပါသည်။ ကိုယ်ပိုင်လယ်စိုက်ပျိုးရေးလုပ်ကိုင်သည့် အိမ်ထောင်စု(၄)စုရှိပြီး တောင်ယာစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စု(၂၂)စုရှိပြီး အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု(၃)စုရှိပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၈၀၀၀	၇၀၀၀	၇၀၀၀	၅၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၈၀၀၀	၇၀၀၀	၇၀၀၀	၅၀၀၀
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၂၀၀၀	၇၀၀၀	၈၀၀၀	၅၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (**လစာ÷၂၂.၇၅**)

(၂) **နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ** = (**တစ်နာရီဝင်ငွေ×၈**)

လေ့လာတွေ့ရှိချက်။ ။ကျွန်တော်တို့မန်ဘန်ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးအတွက် နေ့စားလုပ်အားခမှာ ကျား လုပ်အားခအများဆုံးမှကျပ်((၈၀၀၀)မှ အနည်းဆုံး(၇၀၀၀)ကျပ်ထိရရှိပါသည်။ မလုပ်အားခအများဆုံးမှ ကျပ်((၇၀၀၀) မှ အနည်းဆုံး(၅၀၀၀)ကျပ်ထိရရှိပါသည်။ မွေးမြူရေးလုပ်ငန်းတွင် နေ့စားလုပ်အားခမှာ ကျားလုပ်အားခအများဆုံးမှ ကျပ်((၈၀၀၀)မှ အနည်းဆုံး(၇၀၀၀)ကျပ်ထိရရှိပါသည်။ မလုပ်အားခအများဆုံးမှ ကျပ်((၇၀၀၀)မှ အနည်းဆုံး(၅၀၀၀) ကျပ်ထိရရှိပါသည်။ လက်သမား/ပန်းရံလုပ်ငန်းနေ့စားလုပ်အားခမှာ ကျားလုပ်အားခအများဆုံးမှ ကျပ်((၁၂၀၀၀)မှ အနည်းဆုံး(၇၀၀၀)ကျပ်ထိရရှိပါသည်။ မလုပ်အားခအများဆုံးမှ ကျပ်((၈၀၀၀)မှ အနည်းဆုံး(၅၀၀၀)ကျပ်ထိရရှိ ပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)
လယ်မြေ	၁၄	ကောင်း ☐ သင့်☑ ညံ့ ☐

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)		
ယာမြေ / တောင်ယာမြေ	၇၂	ကောင်း ☐	သင့်☑	ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ဓနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ်မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၈၆	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့မန်ဘန်ကျေးရွာတွင် စိုက်ပျိုးမြေများသော်လည်း နည်းပညာအားနည်း၍ ရင်းနှီးမြှုပ်နှံမှုငွေမရှိသောကြောင့် မိရိုးဖလားအတိုင်း လုပ်ကိုင်စားသောက်လျက်ရှိပါသည်။ မြေဆီလွှာအရည်အသွေး မှာ အသင့်အတင့်ဖြစ်ပြီး သီးနှံစျေးကွက်မရှိသောကြောင့် စိုက်ပျိုးရေးလုပ်ကိုင်သော ဧကနည်းနေရခြင်းဖြစ်ပါသည်။ သီးနှံဖြစ်ထွန်းရန် မြေဩဇာယဉ်ထည့်နိုင်မှသာ ပိုထွက်ပါသည်။

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိ နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)			အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ(ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ ☐	သင့်☐	နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ ☐	သင့်☐	နည်း ☐မရှိ ☑	လွယ် ☐ ခက်☐အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐အပြောင်းအလဲမရှိ ☐
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐	သင့်☐	နည်း ☑ မရှိ ☐	လွယ် ☐ခက်☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☐တိုး ☐ အပြောင်းအလဲမရှိ ☑
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐	သင့်☐	နည်း ☑ မရှိ ☐	☒	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စီ	များ ☐	သင့်☐	နည်း ☑ မရှိ ☐	လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိ နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
မှ်စမ်း)			
ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊ လက်တူးတွင်း)	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော - အပူပိုင်းသစ်တော	များ ☐ သင့် ☐ နည်း ☑ မရှိ ☐	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
သစ်တော - ဒီရေတောများ	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများမရှိပါ။ ရွာ၏အနီးနားပတ်ဝန်းကျင်တွင် ကျောက်၊ သဲ အနည်းငယ်သာတွေ့ရှိပြီး သဘာဝအပင်နှင့်တိရိစ္ဆာန်မျိုးစိတ်များ အနည်းငယ်သာရှိသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၈	၂၂	၇	၃

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့မန်ဘန်ကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စုမရှိဘဲ အလယ်အလတ်ရှိသောအိမ်ထောင်စုနှင့် အလွန်မပြေလည်သောအိမ်ထောင်စုနည်းပါးပြီး မပြေလည်သောအိမ်ထောင်စုများပါသည်။ အလယ်အလတ်ရှိသောအိမ်ထောင်စု၏ နေအိမ်များသည် နှစ်ထပ်တစ်ထပ်တိုက်များနှင့် ပျဉ်ထောင်အိမ်များဖြစ် ပါသည်။ မပြေလည်သောအိမ်ထောင်စုနှင့်အလွန်မပြေလည်သော အိမ်ထောင်စုနေအိမ်များသည် ဝါး၊ ထရံကာ၊ သွပ်မိုး များဖြင့် နေထိုင်ကြပါသည်။ အဓိကစီးပွားရေးမှာ စိုက်ပျိုးရေးဖြစ်ပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄"

အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက် ဝမ်းစာဖူလုံမှု			အခြားအစားပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃လနှင့်၆လကြား ဝမ်းစာဖူလုံမှု			အခြားအစားပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၆လမှ၁၂လအထိ ဝမ်းစာဖူလုံမှု			အခြားအစားပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖခင်နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်			
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု	၃		
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု			

အကြောင်းအရာ	ကျား	မ	ပေါင်း
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုနှင့်မုဆိုးဖိုတစ်ခု လပ် အိမ်ထောင်စု (၃)အိမ်ရှိပါသည်။ တောင်ယာလုပ်ငန်းလုပ်ကိုင်ခြင်းနှင့် အားလပ်သည့်အချိန်တွင် လယ်ယာလုပ်သားအဖြစ် ဝင်ရောက်လုပ်ကိုင်ခြင်းဖြင့် အသက်မွေးကြပါသည်။

(၄-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု	Â			Â		
၂	လျှပ်တပြတ်ရေကြီးခြင်း		Â		Â		
၃	မုန်တိုင်းဒီရေ	Â			Â		
၄	ဆူနာမီ	Â			Â		
၅	တိုင်ဖုန်းမုန်တိုင်း	Â			Â		
၆	လေဆင်နာမောင်း	Â			Â		
၇	ငလျင်	Â			Â		
၈	အပူလှိုင်း		Â		Â		
၉	စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု		Â		Â		
၁၀	အအေးလှိုင်း		Â		Â		
၁၁	မိုးသီးကြွေကျမှု	Â			Â		
၁၂	မိုးခေါင်ခြင်း	Â			Â		
၁၃	တောမီးလောင်ခြင်း		Â		Â		
၁၄	မြစ်ကမ်းပါးပြိုခြင်း	Â			Â		
၁၅	ကမ်းရိုးတန်းတိုက်စားမှု	Â			Â		
၁၆	မြေပြိုခြင်း		Â		Â		
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
၁၇	စားနပ်ရိက္ခာမဖူလုံမှု	Â			Â		
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ)	Â			Â		
၁၉	မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း	Â			Â		
၂၀	သစ်တောပြုန်းတီးခြင်း		Â			Â	
၂၁	၄က်ဖျားရောဂါ	Â			Â		
၂၂	တီဘီရောဂါ	Â			Â		
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ	Â			Â		
၂၄	ကပ်ရောဂါ	Â			Â		
၂၅	ပြည်တွင်းပဋိပက္ခ	Â			Â		
၂၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	Â			Â		
၂၇	လူကုန်ကူးခြင်း	Â			Â		
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည်	Â			Â		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊မိုးခေါင်ခြင်း စသည့် အခြေအနေများဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ-အိမ်ထောင်စု၁၀၀တွင် ၂၅အိမ်ထောင်စုအောက် – နိမ့်၊ အိမ်ထောင်စု၁၀၀ တွင် ၂၅ မှ ၅၀အိမ်ထောင်စု – လတ်၊ အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် – မြင့်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်း တောမီးလောင်ခြင်းနှင့် စားနပ်ရိက္ခာမဖူလုံမှုအနည်းငယ်သာလျှင်ရှိပါသည်။ ဆန်အတွက်မပူရဘဲ အခြားအပြင်မှဝယ်ယူရသော စားသောက်ကုန်ပစ္စည်းများသာလျှင် ငွေရေးကြေးရေးအခက်အခဲရှိနိုင်ပါသည်။

(၈-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်			Â	Â		
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု	Â			Â		
၃	ဆင်းရဲသားတောင်သူ		Â			Â	
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာ ကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင် နေထိုင်သူ	Â			Â		
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ	Â			Â		
၆	မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ	Â			Â		
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP)	Â			Â		
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	Â			Â		
၉	ငါးကန်ပိုင်ရှင်များ	Â			Â		
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ		Â			Â	
၁၁	လူနည်းစုလူမျိုးများ	Â			Â		
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ	Â			Â		
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	Â			Â		
၁၄	ရွှေတွင်းလုပ်သားများ	Â			Â		
၁၅	လှည့်လည်သွားလာ၍ဈေးရောင်းသူများ	Â			Â		
၁၆	နေရပ်ပြန်အခြေချသူများ	Â			Â		
၁၇	ရွှေ့ပြောင်းလုပ်သားများ	Â			Â		
၁၈	ကားမောင်းပြီးအသက်မွေးသူများ	Â			Â		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများစသည်တို့သည် မည်သို့သော

အခြေအနေများတွင် လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါကမည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့မန်ဘန်ကျေးရွာ၏ လူငယ်များသည် အလုပ်အကိုင်ရှားပါးမှုကြောင့် ကျေးရွာတွင် နေထိုင်လိုခြင်းမရှိဘဲ အခြားအရပ်ဒေသသို့ သွားရောက်လုပ်ကိုင်ကြသည်။ ကျေးရွာတွင် အမျိုးသမီးဦးဆောင် သော အိမ်ထောင်စုနှင့်ဆင်းရဲသားတောင်သူတို့သည် စားဝတ်နေရေးကြပ်တည်းမှုကြောင့် အခြားဝင်ငွေရလုပ်ငန်းဖြစ်သည့် ဆန်စက်လုပ်ငန်း၊ နွေစားအလုပ်နှင့် ခြံထွက်ဟင်းသီးဟင်းရွက်ရောင်းချခြင်းလုပ်ငန်းတို့ကို လုပ်ကိုင်ကြပါသည်။ လက်လုပ်လက်စားကျပန်းများသည် လုပ်ငန်းပုံမှန်မရှိဘဲရံဖန်ရံခါသာ လုပ်ကိုင်ကြရသည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	ကျောင်းကော်မတီအဖွဲ့	၁☑၂☐၃☐	၂	၃	၅	ပညာရေး☑ဌေကြေး☐ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☑ သင့်☐ ညံ့☐
၂	ကျေးရွာကော်မတီအဖွဲ့	၁☐၂☑၃☐	၃	၄	၇	ပညာရေး☐ဌေကြေး☐ကျန်းမာရေး☐ ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း ☐ သင့်☑ ညံ့☐
၃	လူငယ်အဖွဲ့	၁☐၂☑၃☐	၃	၄	၇	ပညာရေး☐ဌေကြေး☐ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☑ ညံ့☐
၄	အမျိုးသမီးအဖွဲ့	၁☐၂☑၃☐	၃	၄	၇	ပညာရေး☐ဌေကြေး☐ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☑ ညံ့☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) **စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။**

(၂) **လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။**

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့မန်ဘန်ကျေးရွာတွင် ကျောင်းကော်မတီအဖွဲ့၊ ကျေးရွာကော်မတီအဖွဲ့၊ လူငယ်အဖွဲ့၊ အမျိုးသမီးအဖွဲ့ရှိပါသည်။ ကျေးရွာတွင် သာရေး/နာရေးကိစ္စရပ်များနှင့်ပတ်သက်၍ တစ်ရွာလုံးစုပေါင်းလုပ်ဆောင်ကြပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	**အမည်**	**အဖွဲ့အစည်းအမျိုးအစား**(မှန်ရာတစ်ခုကိုသာရွေးရန်)	**အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်**(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	KMSS	၁☐၂☑၃☐၄☐၅☐၆☐၇☐	**ပညာရေး☐ငွေကြေး☐** **ကျန်းမာရေး☐ဘာသာရေး☐** **စိုက်ပျိုးမွေးမြူရေး☑** **သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐**
၂	မေတ္တာအဖွဲ့	၁☐၂☑၃☐၄☐၅☐၆☐၇☐	**ပညာရေး☑ငွေကြေး☐** **ကျန်းမာရေး☐ဘာသာရေး☐** **စိုက်ပျိုးမွေးမြူရေး☐** **သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐**
၃	HNF	၁☐၂☑၃☐၄☐၅☐၆☐၇☐	**ပညာရေး☐ငွေကြေး☐** **ကျန်းမာရေး☐ဘာသာရေး☐** **စိုက်ပျိုးမွေးမြူရေး☑** **သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐**

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) **ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း** (ပြည်တွင်း/ ပြည်ပ) (**ဥပမာ –ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊** Christian Aid Missions **စသည်**)

(၂) **အစိုးရမဟုတ်သောအဖွဲ့အစည်း** (ပြည်တွင်း/ပြည်ပ) (**ဥပမာ** – Care International, Save the Children, Gret, Pact Myanmar **စသည်**)

(၃) **အရပ်ဘက်လူမှုအဖွဲ့အစည်း**

(၄) **နိုင်ငံအများ၏ရန်ပုံငွေဖြင့် ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ(ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်**)

(၅) **နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ** (**ဥပမာ** GIZ, UKAid, USAid, **စသည်**)

(၆) **ပရဟိတအဖွဲ့** (ပြည်တွင်း/ ပြည်ပ)

(၇) **ပုဂ္ဂလိကအဖွဲ့အစည်းများ**

နိုင်ငံတော်မှဒေသအကျိုးပြည်သူ့အကျိုးကိုထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာဥပဒေ၊နည်းဥပဒေ၊လမ်းညွှန်ချက်များ ဖြင့်ပြဋ္ဌာန်းကာဖွဲ့စည်းပေးထားနေသောအဖွဲ့အစည်း၊အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏မြစိမ်းရောင်စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်းမပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ မန်ဘန်ကျေးရွာတွင် ယခင်ကတည်းကမဖွံ့ဖြိုးသေးသောကြောင့် ယခုနှစ် နောက်ပိုင်းတွင် ပညာရေးနှင့်ပတ်သက်ပြီး အထောက်အကူပစ္စည်းများကို မေတ္တာအဖွဲ့မှ ထောက်ပံ့ပေးလျှက်ရှိပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာများနှင့် အထောက်အကူပစ္စည်းများကို KMSS/ HNF အဖွဲ့အစည်းများမှ အနည်းငယ်ထောက်ပံ့မှုရရှိပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှုအရွယ်အစား (မြေပိုင်ဆိုင်သည့်အိမ်ထောင်စုများ)

ဇယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၁၄	၃	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၁၃		ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၈		တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၅		တောင်သူလတ်
၅	၁၂.၅ဧကအထက်			တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုပေါင်း		**၄၀**		☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ မန်ဘန်ကျေးရွာ၏မြေယာမဲ့များသည် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုများဖြစ်ကြသည်။ စိုက်ပျိုးရေးနှင့်ပတ်သက်၍ (၂.၅)ဧကအောက်သာလျှင် လုပ်ကိုင်နိုင်ပြီး ဆင်းရဲသားတောင်သူများသာ ဖြစ်ပါသည်။ (၂.၅)ဧကမှ (၅)ဧကကြားလုပ်ကိုင်နိုင်သည့် တောင်သူဦးရေမှာရှားပါးပါသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာ တစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာ တစ်ခုကိုသာရွေးရန်)
၁	ဆည်		**တစ်နှစ်ပတ်လုံး□**	**ရှိ□မရှိ□မဖြေဆိုပါ□**	**လျော့□တိုး□**

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာ တစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာ တစ်ခုကိုသာရွေးရန်)
			ရာသီအလိုက်□ မဖြေဆိုပါ□		အပြောင်းအလဲမရှိ□
၂	ရေလွှဆည်		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၃	မြစ်ရေတင် စီမံကိန်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၅	အဝိစိတွင်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၆	လက်ငင်းရေတွင်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၇	စိမ့်စမ်းရေ	၄၀	တစ်နှစ်ပတ်လုံး☑ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ☑မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ☑
၈	ချောင်းရေ	၄၀	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်☑ မဖြေဆိုပါ□	ရှိ□မရှိ☑မဖြေဆိုပါ□	လျော့☑တိုး□ အပြောင်းအလဲမရှိ□

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိမ့်စမ်းရေနှင့်ချောင်းရေကိုသာ အသုံးပြုကြသည်။

(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

သီးနှံ	စုစုပေါင်း စိုက်ဧက	တစ်ဧကအထွက်နှုန်း	သီးနှံ စိုက်ပျိုး သည့် ကာလ	သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခု ကိုသာရွေး	အမြတ် ရရှိနိုင်မှု(မှန်ရာ တစ်ခုကိုသာ ရွေးရန်)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခု ကိုသာရွေးရန်)

		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ	ရန်)		
ပြောင်း	၇၂	အိတ်	၂၀	၄၀	၃၀	ဒေန်	အောက်တိုဘာလ	မြင့်☑လတ်☐နိမ့်☐	မြင့်☐လတ်☑နိမ့်☐	မြင့်☐လတ်☐နိမ့်☑
စပါး	၁၄	အိတ်	၃၀	၆၀	၄၅	ဒေန်	အောက်တိုဘာလ	မြင့်☑လတ်☐နိမ့်☐	မြင့်☐လတ်☑နိမ့်☐	မြင့်☐လတ်☐နိမ့်☑

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့မန်ဘန်ကျေးရွာသည် အဓိကစိုက်ပျိုးသည့် သီးနှံမှာ ပြောင်း၊ **စပါးကို စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည်။ သဘာဝအရင်းအမြစ်ရှိသော်လည်း ဆင်းရဲသောမိသားစုအများစု နေထိုင်သောကြောင့် ရင်းနှီးမြှုပ်နှံမှုငွေအလုံအလောက်မရှိသောကြောင့် မိရိုးဖလားအတိုင်းအတာစိုက်ပျိုးလုပ်ကိုင်လျက်ရှိပါသည်။ စိုက်ပျိုးရေးနည်းပညာပိုင်း မှာလည်း အားနည်းနေပါသည်။**

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
ထွန်စက်				
လက်တွန်းထွန်စက်	၂			
အစေ့ချကိရိယာ				
ရိတ်သိမ်းခြွေလှေ့စက်				
ရိတ်သိမ်းစက်				
ခြွေလှေ့စက်				
ရေစုပ်စက်				
ခြေနင်းရေတင်စက်				
မြက်ရိတ်စက်	၂			

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့မန်ဘန်ကျေးရွာသည် ဆင်းရဲ၍မဖွံ့ဖြိုးသေးသောကြောင့် လယ်ယာသုံးစက်ကိရိယာများ အသုံးပြုမှုအားနည်းနေ**ပါသည်။**

(၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

